ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၂ – ၂၀၁၃ ခု၊ ဘဏ္ဍာရေးနှစ်၊
# ကချင်ပြည်နယ်၏
# နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

# ၂၀၁၂–၂၀၁၃ ခု၊ ဘဏ္ဍာရေးနှစ် ၊ ကချင်ပြည်နယ်၏နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

## ( ၂၀၁၃ ခုနှစ် ကချင်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၉။ )

၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်

( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက် )

ကချင်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)

### အမည်နှင့် အကျိုးသက်ရောက်သည့် ကာလ

၁။ (က) ဤဥပဒေကို ၂၀၁၂–၂၀၁၃ခု၊ ဘဏ္ဍာရေးနှစ်၊ ကချင်ပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၂–၂၀၁၃ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ကချင်ပြည်နယ်တစ်ဝန်းလုံး၌အကျိုးသက်ရောက်စေရမည်။

အခန်း(၂)

### နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း

၂။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများနှင့် ပြည်နယ်အဆင့်အဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ ဇယား(၁)၊ (၂)တို့တွင် ခွင့်ပြုထားသောသုံးငွေများ အတွက်တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည်မိမိနှင့်ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာသုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ(က)တွင်ခွင့်ပြုထားသည့်ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၂ ခုနှစ်၊ ပြည်နယ်၏ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေအရခွင့်ပြုထားသည့်ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင်နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟုမှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့်ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့် သုံးငွေကိုစီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်း ချက်များ၊ ၂၀၁၂ ခုနှစ်၊ ပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) လဂျွန်ငန်ဆိုင်း

ဝန်ကြီးချုပ်

ကချင်ပြည်နယ်အစိုးရအဖွဲ့

## ပြည်နယ်ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၁

(ကျပ်သန်းပေါင်း

| အမှတ်စဉ် | ၂၀၁၂ ခုနှစ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေပါအမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | ၁ | **ပြည်ထဲရေး** | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၉၈၂. ၆၇၁ | | | | | | |
| | | ၁။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၇၄၇. ၉၃၆ | | | | | | |
| | | ၃။ အကျဉ်းဦးစီးဌာန | | ၂၃၄. ၇၃၅ | | | | | | |
| ၂ | ၃ | **သမဝါယမ** | ၄င်း | ၂. ၃၂၆ | | | | | | |
| | | ၂။ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန (ရက်ကန်းကျောင်း) | | ၂. ၃၂၆ | | | | | | |
| ၃ | ၄ | **မွေးမြူရေးနှင့်ရေလုပ်ငန်း** | ၄င်း | ၉. ၄၅၇ | | | | | | |
| | | ၁။ ငါးလုပ်ငန်းဦးစီးဌာန | | ၉. ၄၅၇ | | | | | | |
| ၄ | ၅ | **ဆောက်လုပ်ရေး** | ၄င်း | ၁၉. ၉၁၄ | | | | | | |
| | | ၁။ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | ၁၉. ၉၁၄ | | | | | | |
| ၅ | ၇ | **အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု** | ၄င်း | ၉. ၇၆၆ | | | | | | |
| | | ၁။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၉. ၇၆၆ | | | | | | |
| ၆ | ၁၀ | **အားကစား** | ၄င်း | ၆၉. ၀၈၅ | | | | | | |
| | | ၁။ အားကစားနှင့်ကာယပညာဦးစီးဌာန | | ၆၉. ၀၈၅ | | | | | | |
| ၇ | ၁၁ | **စည်ပင်သာယာရေးအဖွဲ့** | ၄င်း | ၅၂. ၁၃၇ | | | ၆၄၉. ၆၅၉ | | | |
| | | ၁။ စည်ပင်သာယာရေးအဖွဲ့များ | | ၅၂. ၁၃၇ | | | ၆၄၉. ၆၅၉ | | | |
| | | ပေါင်း | | ၁၁၄၅. ၃၅၆ | | | ၆၄၉. ၆၅၉ | | | |